# Unity's Vision

## အိန္ဒိယသူလေး ယူနီတီရဲ့ ရူပါရုံ

၂၀၀၆ ခုနှစ်၊ မတ်လ (၉)ရက်နေ့၊ လူငယ်များ တနင်္ဂနွေနေ့မှာ ယေရှုခရစ်တော်ဘုရားရဲ့ ရူပါရုံကို ကျွန်မရရှိခဲ့ပါတယ်။ ခရစ်တော်ဘုရားရှင်က ဒီ(၃)ချက်ကို ဖွင့်ပြပါတယ်။

(၁) သန့်ရှင်းသူများကို ချီဆောင်ခြင်း

(၂) သားရဲ၏ အုပ်ချုပ်မှု

(၃) ဘုရားသခင်၏တရားစီရင်မှု တို့ပဲဖြစ်ပါတယ်။

ဘုရားရှင်ရဲ့ အလိုတော်အတိုင်း လိုက်လျှောက်အသက်ရှင်သူတွေ အားလုံးကို တခါတည်းသိမ်းသွင်းချီဆောင်ပစ်လိုက်တယ်။ ခရစ်တော်ဘုရားက ကမ္ဘာနဲ့ကောင်းကင်ဘုံကြား၊ အလယ်မှာရပ်နေပြီး အားလုံးကို သူ့ဆီသို့ချီဆောင်တာလေ။ ဘုရားရှင်အပေါ် အဆုံးတိုင်အောင် သစ္စာစောင့်ပြီးမှ သေလွန်ကုန်ကြတဲ့ လူတွေအားလုံးလည်း သင်္ချိုင်း၊ အုတ်ဂူတွေထဲမှ ရှင်ပြန်ထမြောက်လာကြပြီး မိုးကောင်းကင်ဆီသို့ ချီဆောင်ခြင်းခံကြရတာကို တွေ့လိုက်ရတယ်။

အဲ့ဒီချီဆောင်ခြင်းပြီးတာနဲ့ ချက်ချင်းပဲ ၆၆၆ တံဆိပ်ပိုင်ရှင် နဂါးကြီးနဲ့ ကောင်းကင်တမန်တွေ ကောင်းကင်မှာ စစ်ဖြစ်ကြတော့တာပါပဲ။ နဂါးကြီး အဆုံးရှုံးကြီးစွာနဲ့ ကျဆုံးသွားတယ်။ သူ့အတွက် ကောင်းကင်ဘုံမှာ နေရာလုံးဝကို မရှိဘူး။ နဂါးကြီးက ကမ္ဘာကြီးကို သူနှစ်ပေါင်းတော်တော်ကြာအောင် ဆင်းသက်ပြီး အုပ်စိုးမယ်လို့ ကြွေးကြော်တယ်။ သူထွက်ပြေးသွားတဲ့နောက်ပိုင်း ချက်ချင်းဆိုသလို ခေါင်း (၁၀)လုံးနဲ့ ချို (၁၀)ချောင်းရှိတဲ့ သားရဲကြီး တစ်ကောင် ရောက်လာတယ်။ ခေါင်းပေါ်မှာ သရဖူအများကြီး ဆောင်းထားတယ်။ သရဖူပေါ်မှာကတော့ ရှုတ်ချတဲ့အမည်နာမည်များ ရေးထိုးထားတယ်။

မေးသူ - အဲဒီသားရဲဆိုတာ လူနဲ့တူလား?

ယူနီတီ - သားရဲဟာ လူပါပဲ။ ဒါပေမဲ့ ပုံပန်းသဏ္ဍာန်က အရမ်းကြောက်ဖို့ကောင်းတယ်။ သူအုပ်ချုပ်တဲ့ကာလမှာ သူ့ရဲ့ ၆၆၆ တံဆိပ်ကို ဆန်စေ့လေး တစ်စေ့ပေါ်မှာတောင် ရိုက်နှိပ်ထားတာကို ကျွန်မကြောက်လန့်တကြား တွေ့ခဲ့ရတယ်။ ငွေကြေးစက္ကူပေါ်မှာလည်း သူ့တံဆိပ်ရိုက်နှိပ်ထားတယ်။ သူ့ကိုယုံကြည်သူတိုင်းအပေါ် သူ့တံဆိပ်ကို ရိုက်နှိပ်တယ်။

မေးသူ - သူ့ရဲ့ ၆၆၆ တံဆိပ်ကို စီးပွားရေးလောကအားလုံးမှာ တံဆိပ်ရိုက်ကြတယ်ဟုတ်လား? ဒါဆို သူ့ကိုမယုံဘဲ ခရစ်တော်ကိုသာ ယုံကြည်တဲ့လူတွေ ကြတော့ ဘယ်လိုဖြစ်ကြမလဲ?

ယူနီတီ - အသေနှိပ်စက်ခံရတော့တာပေါ့။

အသက်ရှင်တုန်း အသားကို ခန္ဓာကိုယ်ထဲက ခွာထုတ်ပစ်တယ်။

မျက်လုံးကို ထိုးနှက်ဖောက်ထုတ်ပစ်တယ်။

လည်ပင်းကို 'တိ' ခနဲနေအောင် ဓါးနဲ့လှီးဖြတ်ပစ်တယ်။ ကွန်တိန်နာ (သိုလှောင်ခန်းကြီးတွေ)ထဲမှာ ထည့်ပြီး မီးမြှိက်တယ်။

အဲဒီအချိန်ကာလတွေပြီးမှ ခရစ်တော်ရဲ့ ဒုတိယအကြိမ် ကြွလာခြင်းက လာမှာ။ ချီဆောင်ခြင်းလုပ်တုန်းက မြေကြီးပေါ်သို့ ခရစ်တော်ဘုရားမကြွလာဘူးနော်။ ဒါပေမဲ့ ဒီဒုတိယအကြိမ် ကြွလာခြင်းမှာကျတော့ မြေကြီးအထိကိုလာတာ။ ဆင်းကို ဆင်းလာတာ။ နဂါးကြီးက ခရစ်တော်ဘုရားရဲ့ ကြွလာခြင်းရောင်ခြည်တော်ကို မြင်လည်းမြင်ကော. . တုန်လှုပ်ချောက်ချားပြီး မခံနိုင်လွန်းလို့ပြေးတော့တာပဲ။ အဲဒီအချိန်ကျတော့ ချီဆောင်ခြင်းမှာမပါသွားခဲ့တဲ့ ခရစ်တော်ကြောင့် အသေသတ်ခြင်းခံခဲ့ပြီး သေခဲ့တဲ့လူတွေ ရှင်ပြန်ထမြောက်လာကြတာကို တွေ့ရတယ်။

အဲ့ဒီအချိန်မှာပဲ ကောင်းကင်တမန်တွေရောက်လာပြီး သန့်ရှင်းတဲ့တပိုးခရာများကို မှုတ်လိုက်ကြတယ်။ ချက်ချင်းဆိုသလို သေနေတဲ့လူအားလုံး ပြန်ရှင်ထမြောက်လာကြပြီး ဘုရားသခင်ရဲ့ တရားစီရင်မှုကိုခံဖို့ ရပ်စောင့်နေကြတာကို ကျွန်မတွေ့မြင်ရတယ်။

မေးသူ - ပြီးတော့ ဘာဆက်ဖြစ်ကြလဲ?

ယူနီတီ - ခရစ်တော်ဘုရားရှင်က သိုးအုပ်စုကို သူ့ရဲ့ညာဘက်မှာခွဲထားပြီး ဆိတ်အုပ်စုကို သူ့ရဲ့ဘယ်ဘက်မှာခွဲထားတယ်။ ဆိတ်အုပ်စုထဲက လူတွေက တော့ သူ့ရဲ့အလိုတော်ကို မဆောင်ကြလူတွေနဲ့ ၆၆၆ တံဆိပ်ရိုက်ခြင်းခံထားကြရတဲ့ လူတွေပဲပေါ့။

ညာဘက်မှာရှိတဲ့ သိုးအုပ်စုထဲက လူတွေကတော့ လက်ဝါးကပ်တိုင်တံဆိပ်ရိုက်နှိပ်ထားခြင်းခံရတဲ့လူတွေဖြစ်ပြီး ခရစ်တော်ဘုရားရဲ့အလိုတော် အတိုင်း အသက်ရှင်ကြတဲ့လူတွေပဲပေါ့။

ယေရှုခရစ်တော်က သိုးနဲ့ဆိတ် နှစ်အုပ်စုကိုခွဲပြီးတာနဲ့ ဘုရားရှင်က စီရင်ချက်ချတော့တာပဲ။ တစ်ယောက်ချင်းဆီကို စီရင်တာ။ သူတို့ရဲ့ အပြစ်ပြုခဲ့ တဲ့လုပ်ရပ်မှန်သမျှဟာ တီဗွီမှန်သားပြင်ပေါ်မှာ ပေါ်လာသလို အကုန်ပေါ်လာတော့တာပဲ။

ဘုရားသခင်က **'ခရစ်တော်အကြောင်းကို ပြောကြားပြီး သက်သေခံတုန်းက သင်ခရစ်တော်ကို လက်ခံယုံကြည်ခဲ့သလား? လက်ခံ ယုံကြည်ပြီး နောင်တရ၍ သင်၏ဒုစရိုက်အပြစ်များကို ဝန်ချတောင်းပန်ပြီး ထိုလမ်းများမှ ရုန်းထွက်ခဲ့သလား'** လို့မေးတယ်။

'ဟင့်အင်း' လို့ ဖြေလိုက်လို့ကတော့ တခါထဲ ငရဲကိုဆွဲချခြင်း ခံလိုက်ရတော့တာပဲ။ ငရဲထဲကို ပစ်ကိုချပစ်လိုက်တာ။ အဲ့ဒီငရဲက အဆုံးမရှိအောင် ကျယ်ပြီး၊ အဆုံးမရှိအောင် နက်တယ်။ အောက်ကိုပြုတ်ကျလာစဉ်မှာပဲ သူတို့တကိုယ်လုံးကို မီးမြိုက်လောင်ကျွမ်းကုန်ကြတာ။ သေမတတ်အော်သံတွေ. . . ခရစ်တော်ကိုကယ်ဖို့ တောင်းပန်သံတွေ. . . မကြားနိုင်လောက် များစွာပဲ။

နေရာတစ်နေရာမှာတော့ တီကောင်တွေ၊ ပိုးကောင်တွေ၊ မြွေအကြီးကြီးတွေ၊ ငရဲမီးတွေနဲ့ အပြည့်ဖြစ်နေတာကို တွေ့လိုက်ရတယ်။ အဲဒီအထဲမှာ လူတွေ အများကြီးပဲ။ တီကောင်တွေက နှာခေါင်းထဲကဝင်ပြီး တခြားအပေါက်တွေထဲက ထွက်လာလိုက်ကြတာ။ အားလုံးက နာကျင်လွန်းလို့ အော်ဟစ်နေကြတော့တာပါပဲ။ လူတစ်ယောက်ရဲ့ ရင်ဘတ်အလယ်တည့်တည့်မှာ ဧရာမခူကောင်ကြီး ကပ်တွယ်နေတာတွေ့ရတယ်။ မြွေကြီးတစ်ကောင်က လူတစ်ယောက်ကို ရစ်ပတ်နေတာလည်း တွေ့ရတယ်။ ခူကောင်တွေ အများကြီး လူတွေအပေါ်တွယ်တက်နေတာလည်း တွေ့လိုက်ရတယ်။

'နောင်တရလျက် အပြစ်ဝန်ချတောင်းပန်ပြီး ထိုအပြစ်တို့ကို ပြန်မလုပ်ခြင်း' ဆိုတာကို ကမ္ဘာကြီးမှာ အသက်ရှင်စဉ်တုန်းပဲလုပ်လို့ရတာ. . သေသွားပြီးရင် ဒါကိုလုပ်လို့မရဘူး။

မေးသူ - ပြီးတော့ကော ဘာဆက်ဖြစ်သေးသလဲ?

ယူနီတီ - ခရစ်တော်ဘုရားက မိန့်ကြားတယ်။ **'အခုအချိန်ကာလများမှာ နောင်တရလျက် အပြစ်ဝန်ချတောင်းပန်ပြီး ထိုအပြစ်တို့ကို ပြန်မလုပ်ဖို့'** ပြောကြားတယ်။
ဒီနိုးကြားမှုကြောင့် သင်လည်း ကယ်တင်ခြင်းခံရမယ်။
ခရစ်တော်က ကျွန်မတို့ကို သိပ်ချစ်လွန်းလို့ ဒီရူပါရုံနဲ့ နိုးကြားမှုတို့ကို ပေးတာပါ။

မေးသူ - အဲဒါအကုန်ပါပဲလား။

ယူနီတီ - ဒါပါပဲ။

မေးသူ - စာဖတ်သူရေ . . ယူနီတီမှာ နောက်ထပ်ရူပါရုံတွေ ထပ်ပြီး ကြုံခဲ့ရသေးတယ်။ ယူနီတီရေ. . ဩစတြေးလျရဲ့ ဘယ်မြို့မှာ ဒီရူပါရုံကိုသွားတွေ့တာလဲ?

(သူမလည်း မသိပါ)

ယူနီတီ - ကျွန်မခရစ်တော်ကို တနင်္ဂနွေနေ့မှာ ထပ်တွေ့ပြီး သူကိုယ်တိုင် နောက်ထပ်အံ့ဩဖို့ကောင်းတဲ့အရာများကို ဖွင့်ပြတယ်။ ဩစတြေးလျကို ပျံသန်းပြီး ခေါ်သွားတယ်။ ရူပါရုံထဲမှာ ကျွန်မရဲ့မိတ်ဆွေ (၄)ဦးဖြစ်တဲ့ ဂျွန်၊ ကယ်နီ၊ မတ် နဲ့ မေရီ တို့ကိုတွေ့တယ်။ လူတွေအများကြီးပျော်ပြီး ကခုန်လိုက်၊ သီချင်းဆိုလိုက်နဲ့ပေါ့။ နိုးကြားမှုကြောင့်လေ. . . ကျွန်မလည်း ဒီလိုပဲ အတူပျော်ခဲ့တယ်။ ဩစတြေးလျရဲ့ နိုးကြားမှုကြောင့်လေ. . . အသင်းတော်တစ်ခုရဲ့ အပြင်မှာကော၊ အထဲမှာကော ကောင်းကင်တမန်တွေအပြည့် ရွှင်လန်းဝမ်းမြောက်ဝမ်းသာစွာ တံပိုးခရာတွေမှုတ်လျက်၊ သီချင်းဆိုလျက်၊ နာမတော်ကို ချီးမြှောက်လျက် နေကြတာကို တွေ့လိုက်ရတယ်။ ခရစ်တော်ဘုရားက **'အဲ့ဒီနေရာကို နောက်တခေါက် . . . လာပြန်ခေါ်သွားပေးဦးမယ်။ နောက်ထပ်တွေ့ကြဦးမယ်'** လို့ ပြောသွားတယ်။ ဒါပါပဲ။

**ဘုန်းစည်းစိမ်ဌ်စံပါယ်သောခရစ်တော်၏ကြီးမြတ်သောနာမတော်၌**
**ဘာသာပြန်ဆိုသူ**
**Chris Htet Naing U**
**(အဖိုးဆရာကြီးဦးမောင်ဦးနှင့်အဖွားဆရာမကြီးဒေါ်ခင်ဆုံတို့အားဂုဏ်ပြုလျက် ရေးသားပါသည်။)**
**(CHRISHNU@GMAIL.COM သို့တုန့်ပြန်ချက်များကိုပေးပို့ခြင်းဖြင့် အပြန်အလှန်ဆက်သွယ်ကြရအောင်)**